အာအက်ဖ်အေ

၁၉–၀၁–၂၀၀၄ (မနက်ပိုင်း)

## ကလေးထောင်မှ လွတ်မြောက်လာသည့် မန္တလေးတိုင်း အနောက်မြောက်မြို့နယ်မှ အန်အယ်လ်ဒီ MP ဦးတင်အောင်အောင်နှင့် ဆက်သွယ်မေးမြန်းချက်။

မေ (၃၀) ဒီပဲယင်းတိုက်ခိုက်ခံရမှုမှာ အဖမ်းခံခဲ့ရပြီး ပြီးခဲ့တဲ့သောကြာနေ့က ကလေးထောင်က ပြန်လွတ်မြောက်လာတဲ့ မန္တလေးတိုင်း အန်အယ်လ်ဒီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်အောင်က၊ အန်အယ်လ်ဒီဒုဥက္ကဋ္ဌ ဦးတင်ဦး ရဲ့ ကျန်းမာရေးကို စိုးရိမ်ကြောင်း အာအက်ဖ်အေကို ပြောပြပါတယ်။ ဒီအကြောင်းများနဲ့ပတ်သက်လို့ ဦးဉာဏ်ဝင်းအောင် က ဆက်လက်တင်ပြပါလိမ့်မယ် ခင်ဗျာ။

ဇန်နဝါရီလ (၁၆) ရက်နေ့မှာ ကလေးထောင်ကနေ ပြန်လည်လွတ်မြောက်လာတဲ့ မန္တလေးတိုင်း အန်အယ်လ်ဒီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်အောင်ဟာ မေ (၃၀) ဒီပဲယင်း တိုက်ခိုက်မှု အချိန်ကစလို့ ၆ လအကျော် ကြာ အထိန်းသိမ်းခံခဲ့ရသူတစ်ဦး ဖြစ်ပါတယ်ခင်ဗျာ။ အာအက်ဖ်အေက သူ့ကို ဆက်သွယ်မေးမြန်းခဲ့ရာမှာတော့ ကျည်ရွာနဲ့ ဒီပဲယင်းအကြားမှာ အဖမ်းခံခဲ့ရပုံနဲ့ ကလေးထောင်ကို ပို့ခဲ့တဲ့ အကြောင်း အခုလို ပြောပြပါတယ်။

**ဖြေ။** ။ မေ (၃၀)ရက်နေ့ အဲဒီအခင်းဖြစ်ပွားရာကနေ ကျွန်တော်တို့ အဲဒီကျည်ရွာမှာ ဖြစ်သွားပြီးတော့ ကျွန်တော်တို့နဲ့ ဒေါ်အောင်ဆန်းစုကြည်ကားတို့ မြန်မြန်သွားဖြစ်အောင်ပြောဖို့ ကျွန်တော်တို့ချန်ပြီးတော့ လမ်းလျှောက် ပြီးတော့ သွားတဲ့ အခါမှာ ဦးတင်ဦးရယ်၊ ကျွန်တော်ရယ်၊ ဒေါက်တာဝင်းအောင်၊ ဦးပေါခင်တို့ အဲဒီကွင်းကနေပြီးတော့ အဲဒီ ဒီပဲယင်းဘက်ကို ကျွန်တော်တို့သွားတဲ့အခါမှာ ကျည်ရွာရဲ့တစ်မိုင်လောက်မှာ ကျွန်တော်တို့ အဲဒီအဖွဲ့တွေနဲ့ တွေ့ပါတယ်။ ဒီခဲအဖွဲ့တွေနဲ့ တွေ့ပါတယ်။ လူကြီးတွေနဲ့ တွေ့ပေမယ့် ကျွန်တော်တို့ရှေ့သွားပြီးတော့ ကျွန်တော်တို့ ရောက်သွားတာပါ။ ခေါ်သွား ပြီးတော့ ဒီပဲယင်းမှာပဲ ဘာမှမပြောဘဲနဲ့ ကျွန်တော်တို့ကို အဖမ်းခံရတာပါ။ တစ်ရက်နေ့မှာပဲ ကျွန်တော်တို့ကို ကလေးကို ခေါ်သွားတာပါပဲ။ ဦးတင်ဦးရယ်၊ ကျွန်တော်ရယ်၊ ဦးပေါခင်ရယ်၊ ဒေါက်တာဝင်းအောင်ရယ်။

**မေး။** ။ မေ (၃၀) နေ့က တိုက်ခိုက်ခံရမှုမှာ ဦးတင်ဦးတစ်ယောက် ဒါဏ်ရာရတာမျိုး ရှိပါသလား၊ မေးကြည့်တော့

**ဖြေ။** ။ အဲ မရှိပါဘူးခင်ဗျာ။ မရှိပါဘူးဆိုတာက ကျွန်တော်တို့က ကားပေါ်ကဆင်းပြီးတော့ ဒီ အခင်း ဖြစ်ပွားရာကနေ မဖြစ်အောင်ပေါ့လေ၊ ကျွန်တော်တို့ အဲဒီမှာ တောင်းပန်ရတယ်။ နောက် ဒေါ်အောင်ဆန်းစုကြည်ကားကိုလည်း ဒီကားတွေ မြန်မြန်ထွက်သွားဖို့ပေါ့လေ။ ဒီဖြစ်တဲ့နေရာကနေပြီး ပေါ့လေ၊ ထောင်ချဖို့ ကျွန်တော်တို့စောင့်ရင်းနဲ့ ကျန်နေခဲ့တာပေါ့။

**မေး။** ။ ဆက်လက်ပြီး ဦးတင်အောင်အောင်က သူတို့ကို ဘယ်လိုပုဒ်မတွေနဲ့ ဖမ်းဆီးခဲ့တယ်ဆိုတာရယ်၊ ကလေး ထောင်အတွင်း နေထိုင်ခဲ့ရတဲ့ အခြေအနေတွေကို ထပ်ပြောပြပါတယ်။

**ဖြေ။** ။ ဦးတင်ဦးကတော့ ကျွန်တော် ၁၀ (က) လို့ ထင်ပါတယ်ခင်ဗျ။ တစ်ချို့ကတော့ ၅ (ည) ဒါဏ် တပ်တာပေါ့လေ။ ကျွန်တော်ကတော့ တပ်တာ မတွေ့ဘူးပေါ့လေ။ ထောင်ထဲမှာတော့ သီးခြားအခန်း (၅) ခန်းထဲပေါ့လေ။ တစ်ယောက် တစ်ခန်းစီ ပေါ့လေ။ နေရပါတယ်။ အားလုံး။ တစ်ခန်းကတော့လွတ်တယ်။ နေရထိုင်ရတာကတော့ အားလုံး အတွင်းတံခါး၊ အပြင်တံခါးပိတ်ထားပြီးတော့လေ စာရေးသောက်ရေး မှာတော့ အဆင်ပြေပါတယ်။ ဆက်ဆံရေးလည်း သူတို့ကောင်း ကောင်းမွန်မွန် ဆက်ဆံတာတော့ တွေ့ပါတယ်ခင်ဗျ။

**မေး။** ။ အိုင်စီအာစီကနေပြီးတော့ လာကြည့်တာမျိုး ရှိပါသလားခင်ဗျာ။
**ဖြေ။** ။ ရှိပါတယ်။ ကျွန်တော်တို့ ရောက်သွားတာက ဇွန်လ (၂) ရက်နေ့ကို ကျွန်တော်တို့ ရောက်သွား ပါတယ်။ ဇွန် လ(၂၄)ရက်နေ့မှာ အိုင်စီအာစီရောက်လာတယ်။

**မေး။** ။ အိုင်စီအာစီကရော ဘာတွေမေးလဲ၊ ဘာတွေ ပြောသလဲခင်ဗျ။

**ဖြေ။** ။ ဩော်၊ ဒီအဖြစ်အပျက်တွေ၊ ကိစ္စတွေပါပဲ။ အဖြစ်အပျက်ကိစ္စတွေရော၊ ကျွန်တော်တို့ဒီမှာ သက်ဆိုင်ရာ အစိုးရအဖွဲ့က မေးတဲ့မြန်းတဲ့အတိုင်းပဲ၊ အဲလိုပဲပြောပြလိုက်ပါတယ်။ မေးတဲ့အခါမှာ။

အန်အယ်လ်ဒီဥက္ကဋ္ဌ ဦးတင်ဦးနဲ့ ထောင်ထဲမှာ တစ်ခန်းကျော်နေလာခဲ့တဲ့ ဦးတင်အောင်အောင်က ဦးတင်ဦးရဲ့ ကျန်းမာရေးအခြေအနေကို သူဘာကြောင့်စိုးရိမ်နေရသလဲဆိုတာ ရှင်းပြပါတယ်။

**ဖြေ။** ။ ဦးတင်ဦးနဲ့ ကျွန်တော်က တစ်ခန်းခြားပါတယ်ခင်ဗျ။ သူကနံပါတ် (၅) အခန်းမှာပေ့ါ။ ကျွန်တော်က (၃) အခန်းမှာ။ ဦးပေါခင် နံပါတ် (၂) အခန်းမှာ။ ဦးဝင်းအောင်က နံပါတ် (၁) အခန်းမှာ။ နံပါတ် (၄) အခန်းက လွတ်ထား တယ်ပေ့ါလေ။ ဦးတင်ဦးက အသက် (၇၇) နှစ်၊ အခု မတ်လ (၂၁) ရက်လောက်ဆိုရင် (၇၈) နှစ်ဖြစ်မှာအတွက် သူ့အတွက်တော့ ကျွန်တော်စိုးရိမ်မိပါတယ်။ ဘာလို့လဲ ဆိုတော့ အအေးဒါဏ်က တော်တော်လေးပြင်းတယ်လေ။ သူ့မှာ အရင်က အူမကြီးလား၊ ဘာလား အဲဒီမှာ ဖြစ်ဖူးတယ်လေ။ အဲဒီမှာဒါဏ်ကဖြစ်တော့ ညတိုင်းအော်နေရတယ်။ အဲဒီ သက်ဆိုင်ရာဆရာဝန်နဲ့ ခေါ်ပြီး ပြရတဲ့ ကိစ္စတွေရှိတယ်လေ။ အနာကပြန်ပြီးတော့ ဖြစ်တယ်ပေ့ါလေ။ ညည မှာ (၁၂) နာရီ၊ တစ်ချက်မှာ သူ ဟီးဟီး ဟီးဟီးနဲ့၊ ခိုက်ခိုက်တုန်အောင်သူကချမ်းနေရတဲ့အတွက် ပါရာစီတမော့တွေ သောက်နေရ တယ်လေ။ ဒေါက်တာဝင်းအောင်ကလည်း ပါရာစီတမော့ကို ရေရှည်ပေ့ါလေ၊ အမြဲတမ်း မသောင်သင့်ဘူးလို့ အကြံပေး ထားပါတယ်။ သက်ဆိုင်ရာက ရာသီဥတုကောင်းမွန်တဲ့ ရန်ကုန်သော်၄င်း၊ ခေါ်ပေးစေချင်တယ်။ ဆန္ဒလေး၊ အကူအညီ တောင်းဖို့၊ တိုက်တွန်းထားပါတယ်။ ကျွန်တော်ကတော့ ကလေးမှာ သူ့ကို မထားသင့်ဘူးလို့ ကျွန်တော်တို့ကမြင်ပါတယ်။

**မေး။** ။ ဆိုတော့၊ ကလေးမြို့ရဲ့ ရာသီဥတုအခြေအနေတွေက ဘယ်လိုမျိုးဖြစ်နေလို့လဲ။
**ဖြေ။** ။ ကလေးမြို့ရဲ့ ရာသီဥတုက တော်တော်လေးကို ကြမ်းတယ်ခင်ဗျ။ နေကျတော့လည်း တအားပူတယ်။ မိုးကျ တော့လည်း သိတဲ့အတိုင်းပဲ။ ဆောင်းတွင်းကျတော့ တော်တော်လေးကို အေးတယ်။ ကျွန်တော်တို့ မနက်ဆိုလို့ရှိရင် အဲဒီမှာ ထခုန်နေရတဲ့ အနေအထားမှာရှိတယ်။ Exercise ပေ့ါလေ။ ကျွန်တော်လည်း (၆၁) နှစ်ပေ့ါလေ။ ကျွန်တော် တို့ကလည်း လှုပ်ရှားနေရတဲ့အနေအထားမှာရှိပါတယ်။ နောက်တစ်ခုက ငှက်ဖျားရောဂါက အဲဒီအဖျားက မကြာခင်ပဲ ခေါင်းထဲရောက်တယ်လို့ ကျွန်တော်တို့ သိရတယ်လေ။ သိမှ ကျွန်တော်တို့ကြောက်နေရတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့ ခြင်ထောင်တွေ ဘာတွေတော့ ပေးထားပါတယ်။ ပြီးခဲ့တဲ့ သုံးလေးလလောက်က ခြင်ဆေးခွေတွေ၊ ဘာတွေနဲ့ သူတို့ ဝယ်ပေးပါတယ်။

**မေး။** ။ အခုလိုပြန်လည်လွတ်မြောက်လာပြီဆိုတော့ ရှေ့ဆက်ဘာလုပ်ဖို့စိတ်ကူးထားသလဲ မေးကြည့်တဲ့အခါမှာ၊
**ဖြေ။** ။ ဒါကတော့ ကျွန်တော်တို့ ဒီအဖွဲ့ချုပ်အနေနဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့နဲ့ ကျွန်တော်တို့ စားပွဲဝိုင်းမှာ ဆွေးနွေးပြီးတော့ ဖြေရှင်းညှိနှိုင်းဆောင်ရွက်နိုင်ဖို့ ရှိလိမ့်မယ်လို့ ကျွန်တော်တို့တော့ မျှော်လင့်စောင့်ဆိုင်းနေပါတယ်။

အခုလိုဖြေကြားပေးသွားတဲ့ ဦးတင်အောင်အောင်ဟာ မန္တလေးတိုင်းအနောက်မြောက်မြို့နယ် မဲဆန္ဒနယ်မြေ အမှတ် (၁) ရဲ့၊ အန်အယ်လ်ဒီ ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်တစ်ဦးဖြစ်ကြောင်းပါ ခင်ဗျာ။ NCGUB